

# ကျောင်းကန်ဘုရား သွားခြင်းသည် အချိန်ဖြုန်းခြင်း ဖြစ်ပါသလား ?

*********

အရှင်ဉာဏိက

စာရေးသူရဲ့ အသိအကျွမ်းများထဲမှာ “စာရေးဆရာတွေ့ရှေ့ စကားပြောတာ ကြည့်ပြောနော်၊ တော်ကြာ စာထဲ ထည့်ရေးနေလိမ့်ဦးမယ်” လို့ မကြာမကြာပြောတတ်တဲ့သူ ၄ ဦးရှိတယ်၊ နှစ်ဦးက လူပုဂ္ဂိုလ်များဖြစ်ပြီး အခြားနှစ်ဦး ကတော့ ရဟန်းတော်များပါ။ အဲဒီလို မကြာမကြာပြောတတ်ပေမယ့် သူတို့ပြောတဲ့ ဘယ်စကားကိုမှ စာရေးသူက စာထဲမှာ ထည့်ရေးခဲ့တယ် မရှိပါဘူး၊ အဲ အင်ဒီယာနာမှာသီတင်းသုံးတဲ့ ဆရာတော်ရဲ့ စကားတစ်ခွန်းကလွဲရင်ပေါ့ လေ၊ ၄င်းဆရာတော်ပြောပြတဲ့ စကားတစ်ခွန်းကိုတော့ စာရေးသူက စာတစ်ပုဒ်အဖြစ် ရေးခဲ့ဖူးပါတယ်၊ အဲဒီ အကြောင်းရေးစဉ်ကလည်း ဆရာတော်ပြောပြလို့ ရေးတယ်ဆိုတဲ့အကြောင်း၊ ဆရာတော်ဘွဲ့ကို ထည့်လိုက်ရမလားဆို တော့ သူ့မှာပျာပျာသလဲနဲ့၊ “ဟေ့ကောင် မင်းအဲလိုတော့ မလုပ်နဲ့လေ”ရယ်လို့ ပိတ်ပင်ပါတယ်၊ သူပြောတဲ့ အကြောင်းအရာက ဂိုဏ်းမလွတ်တဲ့အကြောင်းအရာမို့ သူ့ကိုဂိုဏ်းသင့်မှာ စိုးရိမ်တယ်ထင်ပါရဲ့ ၊ ဒါမှမဟုတ်လျင် လည်း အကြီးကြောက်ရောဂါ ဖြစ်ဖြစ်၊ အကြောက်ကြီးရောဂါ ဖြစ်ဖြစ်၊ တခုခု စွဲကပ်နေတာလည်း ဖြစ်ရင်ဖြစ်မပေါ့ လေ၊ ရှိပါစေတော့။

ထူးထူးခြားခြား ဒီနေ့မှာ အဲဒီလိုပြောတဲ့သူ ၄ ဦးစလုံးက တစ်နေ့ထဲမှာပဲ ဒီစကားကို ပြောလာပြန်ပါတယ်၊ တကယ် တော့ သူတို့လေးဦးနေတာက တစ်နေရာစီမှာပါ၊ ရဟန်းတော်တစ်ပါးက အင်ဒီယာနာပြည်နယ်က ဖော့ဝိန်းမြို့မှာ၊ နောက်တစ်ပါးက ကာလီဖိုးနီးယားပြည်နယ်ထဲက လော့စ် အင်ဂျလိစ်မြို့မှာ၊ ကျန်လူနှစ်ဦးက ဆန်ဖရန် စစ္စကို ပတ် ဝန်းကျင်မှာ နေထိုင်ကြတာပါ။

ဆန်ဖရန်စစ္စကို ဝန်းကျင်မှာ နေတဲ့သူနှစ်ဦးနဲ့ စာရေးသူ နံနက်ပိုင်းက တစ်နေရာမှာဆုံဖြစ်တော့ သူတို့နှစ်ဦးလုံးက ဒီစကားကို ပြောခဲ့ပြန်ပါတယ်၊ ညပိုင်းမှာ အင်ဒီယာနာက ဆရာတော်က ဖုန်းဆက်ရင်းပဲ မင်းတို့လို စာရေးဆရာ တွေကို ရမ်းပြောလို့ မဖြစ်ဘူး၊ ကြောက်ရတယ်လို့ ပြောပြန်ပါတယ်၊ သူဖုန်းချသွားလို့မကြာမီမှာပဲ လော့စ် အင်ဂျ လိစ်မှာ သီတင်းသုံးတဲ့ ဆရာတော်ကလည်း “ဆရာတော်ကိုပြောရတာ သတိထားနေရတယ်၊ တော်ကြာ စာထဲပါ သွားမှာ စိုးရသေးတယ်”လို့ ဆိုပြန်ပါလေရဲ့။

သူတို့တွေပြောတာကို ထောက်ပံ့ပေးသလိုများ ဖြစ်သွားမလားတော့ မသိပါဘူး၊ ဒီနေ့မှာ ဒကာလေးတစ်ဦးဆီက ကြားရတဲ့ အကြောင်းအရာတစ်ခုနဲ့ပတ်သက်ပြီးတော့ကာ စာရေးလိုစိတ်ဖြစ်မိပါတယ်၊ သူပြောပြလို့ ရေးဖြစ်တယ် ဆိုနိုင်ပေမယ့် အရင်ကတည်းက ရေးလိုတဲ့အကြောင်းအရာဖြစ်တာကြောင့် ရေးခြင်းက အဓိကလို့ပြောရမှာပါ။

ဒီမနက်မှာ စာရေးသူကို ကားလိုက်ပို့ပေးတဲ့ ဒကာလေးတစ်ယောက်က သူ့ဦးလေးတစ်ယောက်အကြောင်းကို ကား မောင်းရင်း ပြောပြပါတယ်၊ သူ့ဦးလေးဟာ အရင်က အခြားဘာသာဝင်တစ်ဦးဖြစ်ကြောင်း၊ ခုတော့ ဗုဒ္ဓဘာသာ ကိုး ကွယ်သူတစ်ယောက် ဖြစ်လာကြောင်း၊ သို့ပေမယ့် သူ့ဦးလေးက “ဘုရားကျောင်းကန်တွေဆီ သွားနေဖို့မလို ကြောင်း၊ ကိုယ့်ကိုယ်ကိုကောင်းအောင်နေခြင်းသာ အဓိကဖြစ်ကြောင်း ၊ သူဆိုရင် ဘုရားကျောင်းကန်မသွားပေမဲ့ မကောင်းတာ မလုပ်ကြောင်း၊ မပြောကြောင်း၊နောက်ပြီးသူများတွေကိုလည်း တတ်နိုင်သမျှကူညီကြောင်း၊ သူ့ကြောင့် ဘယ်သူတစ်ဦးတစ်ယောက်မှ ဆင်းရဲဒုက္ခ မဖြစ်ကြောင်း၊ ဘုရားကလည်း ကိုယ့်ကိုယ်ကိုကောင်းအောင်နေဖို့ကိုသာ မိန့်တော်မူကြောင်း၊ အချိန်ကုန်ခံပြီး ကျောင်းကန်ဘုရားတွေဆီ သွားနေဖို့ မလိုကြောင်း” စသဖြင့် မကြာခဏ ပြော တတ်တယ်လို့ ဆိုပါတယ်၊ သူ့ဦးလေးက အပြောကောင်းသူတစ်ယောက်ဖြစ်တာကြောင့်လည်း သူ့ကို တခြားသူ

တွေက နိုင်အောင် ပြန်မပြောနိုင်ကြဘူးလို့လည်း ဆိုပါသေးတယ်၊ သူ့ဦးလေးအယူအဆကို လက်သင့်မခံလိုပေမယ့် သူ့ဦးလေးကို ဘယ်လိုပြန်ပြောရမှန်း မသိကြောင်းလည်း ဆက်ပြီး လျှောက်ပါတယ်။

သူ့ဦးလေးပြောတာနဲ့ပတ်သက်ပြီး ဘယ်လိုသဘောရပါသလဲလို့ စာရေးသူကို မေးပါတယ်၊ ဒီတော့ စာရေးသူက သူ့ကို "အေးကွ၊ မတတ်တဲ့သူကို ပြောရတာထက်၊ ကပ်တဲ့လူကိုပြောရတာက တခါခါမှာ ပိုပြီးခက်တယ်"လို့ အစချီပြီး ခုလိုရှင်းပြခဲ့ပါတယ်၊ "မောင်ရင့်ဦးလေးပြောတဲ့ ကိုယ့်ကိုယ်ကို ကောင်းအောင်နေဖို့ဆိုတာကို ဗုဒ္ဓကလည်း မိန့်တော်မူပါကြောင်း၊ ကိုယ့်ကိုယ်ကို ကောင်းအောင်နေခြင်းဟာ တစ်နည်းအားဖြင့် သူတစ်ပါးတွေကိုလည်း စောင့်ရှောက်ရာ ရောက်ပါကြောင်း၊ ကိုယ်ကောင်းကောင်းနေခြင်းဖြင့် သူတပါးတွေမှာလည်း ကိုယ်နဲ့ပတ်သက်ပြီး စိုးရိမ်ထိတ်လန့်ဖြစ်နေစရာ မလိုတော့တာကြောင့် သူတို့တွေကို ကိုယ်အားဖြင့်ဖြစ်စေ၊ စိတ်ဓာတ်ရေးရာအားဖြင့်ဖြစ်စေ၊ လုံခြုံစိတ်ချနေနိုင်စေဖို့ ကူညီရာရောက်ကြောင်း၊ ကောင်းကောင်းနေခြင်းဖြင့် ဘယ်သူတွေမှ ကိုယ့်ကြောင့် ဆင်းရဲဒုက္ခမဖြစ်စေနိုင်တာမို့လည်း တခြားသူများမှာ ကိုယ့်ဘဝတိုးတက်ရာတိုးတက်ကြောင်းကိုသာ စိတ်ချလက်ချ ပျော်ပျော်ရွှင်ရွှင် လုပ်နိုင်ကြောင်း၊ ဒါကြောင့် ကိုယ့်ကိုယ်ကို ကောင်းကောင်းနေမှုကို ဗုဒ္ဓကလည်း ချီးမွမ်းခြင်းဖြစ်ကြောင်း၊ သို့ပေမယ့် ခုလိုကိုယ့်ကိုယ်ကို ထိန်းသိမ်းစောင့်ရှောက်ပြီး ကောင်းမွန်အောင် နေထိုင်ခြင်းဆိုတာ ဒို့ဗုဒ္ဓဘာသာရဲ့ အနိမ့်ဆုံးလို့ပြောနိုင်တဲ့ သီလအဆင့်မျှသာဖြစ်ကြောင်း၊ ဗုဒ္ဓဘာသာမှာ ဖြည့်ကျင့်လိုက်နာရမည့် အဆင့်သုံးဆင့်ရှိကြောင်း၊ သိက္ခာသုံးပါးလို့လည်းခေါ်ကြောင်း၊ အဲဒီသိက္ခာသုံးပါးဆိုတာက သီလသိက္ခာ၊ သမာဓိသက္ခာ နဲ့ ပညာသိက္ခာတို့ဖြစ်ကြောင်း၊ ကိုယ့်ကိုယ်ကို ကောင်းအောင်နေတယ်၊ ကောင်းတဲ့စကားကိုပဲပြောတယ်ဆိုတာမျိုးက ကိုယ်ကျင့်တရားလို့ဆိုနိုင်တဲ့ ကိုယ်နဲ့နှုတ်ကိုစောင့်ထိန်းတဲ့ သီလအဆင့်မျှသာဖြစ်ကြောင်း၊ တကယ့်ဗုဒ္ဓဘာသာရဲ့ အနှစ်သာရကိုပြည့်ပြည့်ဝဝ ခံစားလိုတယ်၊ ဓမ္မရသကို ပြည့်ပြည့်ဝဝ သောက်သုံးလိုတယ်ဆိုရင်ဖြင့် အဲဒီလောက်နဲ့ ကျေနပ်ရောင့်ရဲ မနေသင့်ကြောင်း၊ တတ်နိုင်ပါက ဒီထက်အဆင့်မြင့်တဲ့ သမာဓိသိက္ခာ၊ ပညာသိက္ခာတို့ကို လိုက်နာကျင့်သုံးခြင်းဖြင့် ရရှိလာနိုင်တဲ့ အကျိုးတရားများကိုလည်း အရယူသင့်ကြောင်း"အကျဉ်းမျှ ပြောပြဖြစ်ခဲ့ပါတယ်။

နောက်ပြီးလည်း "လူသားတို့သန္တာန်မှာ နောက်ဆက်တွဲအကျိုးဆက်ကို ဖြစ်ပေါ်စေတတ်တဲ့ စိတ်များရှိကြောင်း၊ အကြမ်းအားဖြင့် ဒါကို ကောင်းစိတ်(ကုသိုလ်စိတ်)နဲ့ မကောင်းစိတ်(အကုသိုလ်စိတ်) ရယ်လို့ ခေါ်ဆိုကြောင်း၊ လူသားတစ်ယောက်အနေနဲ့ အိပ်ပျော်နေချိန်ကလွဲလျှင် ဒီကောင်းစိတ် မကောင်းစိတ်ဆိုတဲ့နှစ်မျိုးထဲက တစ်မျိုးမျိုးဟာ ဖြစ်နေလေ့ရှိကြောင်း၊ ခုလို ကောင်းစိတ်၊မကောင်းစိတ်နှစ်မျိုးထဲမှာ ကောင်းစိတ်တွေ ကိုယ့်သန္တာန်မှာ အဖြစ်များဖို့ ကြိုးစားရမှာဖြစ်ကြောင်း ၊ ဒါဖြင့် ဒီလိုကောင်းစိတ်တွေ အဖြစ်များအောင် ဘယ်လိုလုပ်ဖို့လိုသလဲဆိုတာကိုလည်း သိဖို့လိုကြောင်း၊ လွယ်လွယ်ကူကူ နားလည်နိုင်အောင် စာသင်ခြင်းနဲ့ ဥပမာပေးလိုကြောင်း၊ ကျောင်းမှာ ဘာသာရပ်တစ်ခုကိုလေ့လာတဲ့အခါ ဥပမာ သင်္ချာတော်ချင်တယ်ဆိုပါစို့၊ သင်္ချာပုစ္ဆာတွေများများတွက်ပြီး သင်္ချာရပ်ဆိုင်ရာတွေကို အဓိကလေ့လာရမှာဖြစ်ကြောင်း၊ သင်္ချာတော်ချင်ပြီး သင်္ချာကို လုံးဝမလေ့လာဘဲနှင့် အင်္ဂလိပ်စာချည်းကိုသာ ဦးစားပေးနေမည်ဆိုလျှင် ကိုယ်တော်ချင်တဲ့သင်္ချာ တော်လာဖို့ မဖြစ်နိုင်ကြောင်း၊ နည်းတူပါပဲ၊ သမိုင်းကျွမ်းကျင်လိုသူတစ်ယောက်က ကွန်ပြူတာပညာကိုချည်း တစိုက်စိုက်မတ်မတ်လုပ်နေလို့ သူ့လိုအပ်ချက်ပြည့်မီလာမှာ မဟုတ်ကြောင်း၊ ပြောချင်တာက စိတ်ဓာတ်ဖြူစင်ဖို့ စိတ်ကိုလေ့လာရမှာဖြစ်ကြောင်း၊ စိတ်ကိုလေ့လာရမှာဆိုလို့ စိတ်ပညာလေ့လာတဲ့ကျောင်းသားတစ်ယောက်လို ဖရွိုက်က ဘယ်လိုဆိုတယ်၊ ဝီလျံဂျိမ်းက ဘယ်လိုယူဆတယ်ဆိုတဲ့ ဆရာ့ဆရာကြီးများရဲ့ သီအိုရီသဘောတရားတွေကို လေ့လာရမယ်လို့ ဆိုလိုတာ မဟုတ်ကြောင်း၊ ကိုယ့်သန္တာန်မှာ လက်ရှိ(ပစ္စုပ္ပန်)တည့်တည့်ဖြစ်နေတဲ့ စိတ်ရဲ့သဘာဝကို လက်တွေ့ကျကျ လေ့လာရမှာဖြစ်ကြောင်း၊ ခုလိုလေ့လာတဲ့အခါမှာလည်း ဆင်ခြင်မှုသဘောတရားတွေ၊ နှိုင်းဆမှု၊ ဝေဖန်ဆန်းစစ်မှုသဘောတွေနဲ့ လေ့လာရမှာ မဟုတ်ပဲ တကယ့်ဖြစ်ပျက်နေတဲ့ သဘောတရားတွေကိုသာ သူ့ပင်ကိုယ်သဘောမှန်အတိုင်း သိအောင်လုပ်ရမှာဖြစ်ကြောင်း၊ အဲဒီလို လက်ရှိအခိုက်မှာဖြစ်ပေါ်နေတဲ့ သဘောတရားမှန်ကိုသိပါမှ ဒီတရားတွေရဲ့ ကောင်းကျိုးဆိုးပြစ်ကို အမှန်နားလည်နိုင်မှာဖြစ်ကြောင်း၊ ဒီလိုနားလည်မှသာလည်း အကောင်းကိုတွယ်၊ မကောင်းကိုပယ်နိုင်မှာဖြစ်ကြောင်း၊ နောက်ပြီးလည်း လောကသဘာဝအရ အကောင်းလို့သတ်မှတ်ထားတဲ့ သဘောတရားတွေသည်ပင်လျှင် တကယ့်အသိမှန် အမြင်မှန်ရှိသူတို့ဉာဏ်ထဲမှာ အပြစ်လို့ထင်မြင်လာနိုင်ကြောင်း၊ အဲဒီလို အပြစ်လို့မြင်တယ်ဆိုရာမှာလည်း မကောင်းမြင်စိတ်

ရှိလို့ မကောင်းမြင်တာမျိုးမဟုတ်ပဲ သူ့သဘာဝကိုကပင်လျင် အမှန်တကယ် အကောင်းမဟုတ်တာကြောင့်သာလျင် အကောင်းမမြင်နိုင်ခြင်းဖြစ်ကြောင်း၊ ဒီလိုမှ မဟုတ်ပဲ ဖတ်သိမှတ်သိ၊ ကြားသိ ကြုံသိကိုအခြေခံတဲ့ အသိတရားတွေဟာ တကယ့် အစစ်အမှန်သိတွေ မဖြစ်နိုင်ကြောင်း၊ ဒီလိုအစစ်အမှန် အသိကိုရရှိဖို့ မှန်ကန်တဲ့ လမ်းပြသူတွေလိုကြောင်း၊ ဒီအချက်ဟာ ဘုရားကျောင်းကန်သွားရခြင်းရဲ့ အကြောင်းတခုဖြစ်ကြောင်း၊ နောက်ပြီး ကိုယ်တိုင်ကိုယ်ကျလည်း တကယ်တမ်း ကိုယ့်အတွင်းသန္တာန်ကို အချိန်ပေးပြီး ကြည့်ရှုဖို့လိုကြောင်း၊ အိမ်မှာနေသူတစ်ဦးအနေနဲ့ အဲဒီလိုမှန်ကန်တဲ့နည်းလမ်းတွေနဲ့ ကိုယ့်ရင်တွင်းမှာဖြစ်နေတဲ့သဘောမှန်တွေကို ကြည့်ဖြစ်နေတယ်ဆိုလျင်ဖြင့် ဘုရားကျောင်းကန်များတွေဆီ သွားနေစရာ မလိုကြောင်း၊ သို့ပေမယ့် မညာစတမ်း၊ မညာစတမ်း ကိုယ့်ကိုယ်ကို ပြန်လည်မေးခွန်းထုတ်ဖို့လိုကြောင်း၊ ငါဟာ အိမ်မှာနေပြီး ကိုယ့်သန္တာန်မှာဖြစ်နေတဲ့ ကိုယ့်စိတ်ကို ဘယ်လောက် ကြာကြာများ စောင့်ကြည့်ဖူးပါသလဲဆိုတဲ့ မေးခွန်းပဲဖြစ်ကြောင်း ၊ ကောင်းကောင်းနေတာပဲဆိုရာမှာလည်း သူတစ်ပါးတွေကို မထိခိုက် မနစ်နာရုံ နေထိုင်ရုံမျှနဲ့ လုံးဝကောင်းကောင်းနေသူတစ်ယောက်လို့ မဆိုနိုင်သေးကြောင်း၊ ကိုယ့်ကိုယ်လည်း မထိခိုက်အောင်နေနိုင်မှသာ ကောင်းကောင်းနေသူတစ်ယောက်လို့ ဆိုနိုင်မည်ဖြစ်ကြောင်း၊ ကိုယ့်ကိုယ်ကို မထိခိုက်စေဖို့ဆိုတာက ကိုယ့်သန္တာန်မှာ မကောင်းတဲ့စိတ်တွေ မဖြစ်ရအောင်နေထိုင်ခြင်းကို ဆိုလိုကြောင်း၊ ကိုယ့်စိတ်မှာ လောဘ, ဒေါသ, မောဟ,အတ္တ မာန်မာနစတဲ့တရားတွေ မဖြစ်ရအောင်နေရမှာဖြစ်ကြောင်း၊ ဒီနေရာမှာ လောဘ၊ ဒေါသ စသည်ဆိုရာမှာလည်း သူတစ်ပါးတွေ ထိခိုက်ဖို့ရန်အတွက်သာ ထင်ရှားကြမ်းတမ်းတဲ့ လောဘ၊ ဒေါသ စတာတွေဖြစ်ပေါ်ဖို့လိုပေမယ့် ကိုယ့်ကိုယ်ကို ပြန်လည်ထိခိုက်ဖို့ရန်မှာတော့ သေးငယ်သိမ်မွေ့တဲ့ လောဘ၊ ဒေါသများနှင့်ပင်လျင် လုံလောက်ကြောင်း ၊ ဒါကြောင့် ဒီသေးသေးငယ်ငယ် ကိလေသာ အညစ်အကြေးတရားများကိုပင် မဖြစ်ရအောင် ထိမ်းသိန်းစောင့်ရှောက်ရမှာဖြစ်ကြောင်း၊ ဒီလိုထိမ်းသိန်းစောင့်ရှောက်ဖို့အတွက် သွားသွားစားစား သာမန် နေ့စဉ်ဘဝ နေထိုင်မှုပုံစံမျိုးနဲ့ မလွယ်ကူနိုင်ကြောင်း၊ ဒါကြောင့် စနစ်တကျနဲ့ အချိန်ပေးပြီး လုပ်ခွင့်ပိုသာတဲ့ ဘုရားကျောင်းကန်များဆီ သွားရခြင်းဖြစ်ကြောင်း”ကိုလည်း အချိန်ရခိုက်အတွင်းမှာ ရှင်းပြခဲ့ပါတယ်။

နောက်ပြီး “ကျောင်းကန်ဘုရားသွားခြင်းဖြင့် ကျောင်းကန်ဘုရားများနဲ့ စပ်ဆိုင်တဲ့ကုသိုလ်များကိုလည်း ပိုပြီးလုပ်ခွင့်သာနိုင်ကြောင်း၊ ဘာကြောင့် ကျောင်းကန်များနဲ့ စပ်ဆိုင်တဲ့ကုသိုလ်ကို လုပ်ဖို့လိုပါသလဲလို့ မေးစရာရှိကြောင်း၊ ခုလိုကျောင်းကန်များရှိလို့သာ ကျောင်းကန်များကို အမှီပြုပြီး ဗုဒ္ဓဆုံးမထားတော်မူခဲ့တဲ့ အဆုံးအမတရားတော်များကို သံဃာတော်များ အနေနဲ့ လေ့လာနိုင်ကြ၊ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်နိုင်ကြကြောင်း၊ ခုလိုထိန်းသိမ်းစောင့်ရှောက်လာတာကြောင့် ဒီအဆုံးအမတရားတွေ ခုတိုင် ကြားခွင့်နာခွင့်, လိုက်နာကျင့်သုံးခွင့် ရနေခြင်းဖြစ်ကြောင်း၊ နောက်ပြီး သာမန်ပုထုဇဉ်များအနေနှင့် ကိုယ်ပိုင်ဆိုင်တဲ့အရာကို စွန့်လွှတ်ဖို့ဆိုတာ မလွယ်ကူလှကြောင်း၊ ကျောင်းကန်ဘုရားရောက်လို့ လှူဒါန်းပေးကမ်းမှုပြုလုပ်ဖြစ်တယ်ဆိုလျင်,အဲဒီလို စွန့်လွှတ်ဖို့ခက်ခဲတဲ့ ကိုယ်ပိုင်ပစ္စည်းများထဲက အနည်းငယ်ပေးကမ်းလှူဒါန်းဖြစ်ခဲ့တယ်ဆိုလျင်ပဲ စွန့်လွှတ်ဖို့ခက်ခဲတဲ့၊လုပ်နိုင်ခဲတဲ့ အလုပ်ကိုလုပ်လိုက်တာမို့ ကိုယ့်သန္တာန်မှာရှိနေတဲ့ လောဘကို ဖြေလျော့ရာရောက်ကြောင်း၊ နောက်ပြီး ကိုယ့်စွန့်လွှတ်မှုကို ရယူသုံးစွဲခွင့်ရသွားသူများရဲ့ ချမ်းချမ်းသာသာဖြစ်သွားမှု၊ ဆင်းရဲဒုက္ခမရောက်စေမှု သဘောဟာ မေတ္တာ၊ တစ်နည်းအားခြင့်ပြောရလျင် အဒေါသလို့ ခေါ်ကြောင်း၊ အဒေါသဆိုတာ ဒေါသရဲ့ဆန့်ကျင်ဘက်ဖြစ်လို့ ကိုယ့်သန္တာန်မှာ မေတ္တာ–အဒေါသတရားတွေဖြစ်ပွားလာတာနှင့်အမျှ ဒေါသတရားတွေ တဖြည်းဖြည်းပါးပါးလာကြောင်း၊ ဗုဒ္ဓဘာသာတို့ရဲ့နောက်ဆုံးပန်းတိုင်နိဗ္ဗာန်ဆိုတာ လောဘ,ဒေါသ,မောဟ စတဲ့ ကိလေသာတရားတွေ ကုန်ဆုံးသွားမှု သဘောတရားကိုပင် ဆိုလိုကြောင်း၊ ဒါကြောင့် ကိုယ့်သန္တာန်မှာရှိနေတဲ့ အနည်းငယ်မျှသော လောဘ၊ဒေါသ၊မောဟတရားတွေ လျော့ပါးသွား ခြင်းသည်ပင် အလွန်တန်ဖိုးကြီးလှကြောင်း”ကိုလည်းရှင်းပြခဲ့ပါတယ်။

နောက်ပြီးလည်း “မောင်ရင့်ဦးလေးလို သူမျိုးတွေချည်းသာဆိုလျင်ဖြင့် ကျောင်းကန်ဘုရားတွေကို ပံ့ပိုးထောက်ပံ့သူဆိုတာ ရှိနိုင်တော့မည် မဟုတ်ကြောင်း၊ အဲဒီလို ပံ့ပိုးသူမရှိလျင် ဗုဒ္ဓအဆုံးအမတရားတွေကို လက်ဆင့်ကမ်းမည့်သူတွေလည်း ရှိနိုင်တော့မည် မဟုတ်ကြောင်း၊ ဗုဒ္ဓအဆုံးအမတရားတွေ ခုလိုခိုင်ခိုင်မာမာရှိနေခြင်းသည်ပင် ကျောင်း

ကန်ဘုရားတွေဆီသွားခဲ့ကြတဲ့သူတွေ၊ ထောက်ပံ့ခဲ့ကြတဲ့သူတွေ ရှိခဲ့တဲ့အတွက်သာဖြစ်ကြောင်း၊ အားမနာတမ်း ပြောရလျှင်ဖြင့် မောင်ရင့်ဦးလေးလို သူမျိုးတွေက ကိုယ့်တဖို့ကိုသာရှုကြည့်တတ်တဲ့ အတ္တသမားတွေ၊ ရှေ့ကိုမကြည့်၊ နောက်ကိုလည်းမငဲ့၊ ကပ်ဖဲ့ဖဲ့သူတွေသာဖြစ်ကြောင်း၊ မှန်မလိုလိုနဲ့ မဟန်လှသူတွေလို့သာဆိုရမည်ဖြစ်ကြောင်း''ကို လည်း ပြောလိုက်ခဲ့ပါသေးတယ်။

ဒီဒကာလေးရဲ့ဦးလေးနဲ့ အလားတူတဲ့သူမျိုးတွေ၊ ကိုယ့်အယူအဆလေးနှင့်ကို ဟုတ်လှမှန်လှတယ်လို့ ထင်မြင်ယူဆပြီး ကျေနပ်ရောင့်ရဲနေတတ်သူတွေ၊ ဒီထက်ဆိုးတဲ့ တတ်ယောင်ကားသူမျိုးတွေဟာ ဗုဒ္ဓဘာသာ အမည်ခံများအတွင်းမှာ ရာခိုင်နှုန်း နည်းလှမယ် မဟုတ်ပါဘူး၊ အထူးသဖြင့် စာရေးသူအတွေ့အကြုံအရ အဲဒီလို သူမျိုးတွေဟာ ဟိုစာဒီစာလေးဖတ်၊ ရုပ်ထဲရွာထဲမှာလည်း ထိုက်သင့်သလောက် ဗဟုသုတရှိသူအနေ သတ်မှတ်ခံရပြီး အတန်ငယ် အရာဝင်တဲ့သူတွေ ဖြစ်နေတတ်ပါတယ်၊ တရား တကယ်မတတ်သော်လည်း စကားအတော် တတ်သူတွေလည်း ဖြစ်နေတတ်ပါတယ်၊ သဘောတရားရေးရာဆရာများလည်း ဖြစ်နေတတ်ပါတယ်၊ ဒါကြောင့် သူတို့ရဲ့အယူအဆ၊ သူတို့ရဲ့ စကားတွေကို အတွေ့အကြုံ မရင့်ကျက်သေးတဲ့ လူငယ်အတော်များများက သဘောကျတတ်ပါတယ်၊ လေးလေး နက်နက် မစဉ်းစားနိုင်ပဲ ယုံကြည်လက်ခံသင့်တဲ့အရာလို့လည်း မှတ်ယူတတ်ကြပါတယ်၊ ဒီလို ဆရာကြီးယောင်ယာင်လူမျိုးတွေဟာ ဗုဒ္ဓအဆုံးအမတရားတွေအပေါ်မှာ ကိုယ်ကိုယ်၌က ကိုယ်တွေ့အရ အနှစ်ကျကျ ယုံကြည်ကြတာမဟုတ်လို့ သူတို့ရဲ့သဒ္ဓါတရားကလည်း သိပ်ပြီးလေးနက်ခိုင်မာမှု မရှိတတ်ကြပါဘူး၊ ဒါကြောင့် ဗုဒ္ဓအဆုံးအမတရားတွေအပေါ်မှာလည်း သူတို့ဉာဏ်နဲ့မှီနိုင်လောက်တဲ့၊ တစ်နည်းပြောရလျှင် သူတို့ရဲ့သုတမယ၊ စိန္တာမယဉာဏ်လေးလောက်နဲ့ နှိုင်းဆတိုင်းထွာလို့ရတဲ့ အကြောင်းအရာများ အပေါ်မှာလောက်သာလျှင် လက်ခံယုံကြည်တတ်ကြပြီး သူတို့ လက်လှမ်းမမီလောက်တဲ့အရာများအပေါ်မှာတော့ ဒါကယုတ္တိမရှိဘူး၊ မဖြစ်နိုင်လောက်ဘူးစသဖြင့် ကဲ့ရဲ့ဝေဖန်တတ်ကြပါတယ်။

ပိုပြီးဆိုးတာကတော့ သူတို့အသိဉာဏ်၊ သူတို့အယူအဆနဲ့ ထပ်တူကျ နေပြီဆိုလျှင်ဖြင့် ဒါမှတကယ့်အမှန်တရားပဲ ဆိုပြီး ဗုဒ္ဓအဆုံးအမ မဟုတ်တဲ့တရားများကိုပင်လျှင် ဗုဒ္ဓဆုံးမထားဟန် ခိုင်ခိုင်မာမာ မှတ်ထင်တတ်ကြပြန်ပါတယ်၊ သူတို့တင် ထင်မြင်ယုံကြည်တာ မဟုတ်ပါပဲ တခြားသူများကိုလည်း နှုတ်အားဖြင့်ဖြစ်စေ၊ စာအားဖြင့်ဖြစ်စေ ထပ်ဆင့်ပွား ဖြန့်ဖြူးကြပါသေးတယ်၊ သူတို့တွေဟာဖြင့် သာသနာကို မကြည်ညိုလို့ ဖျက်ဆီးတာမျိုး မဟုတ်ပဲ အကြည်ညို မတတ်ကြလို့ ၊ အကြည်ညို မမှန်လို့ ဖျက်ဆီးသလို ဖြစ်ရတာမျိုးပါ၊ တမင်ဖျက်လို့ ပျက်တာမဟုတ်ပဲ အပျက်တွေ ဖြန့်ဖြူးနေကြလို့ ပျက်ကြရတာမျိုးပါ၊ စစ်မှန်တဲ့ဗုဒ္ဓသာသနာအတွက် တကယ့်ကိုမှ အန္တရာယ်ဖြစ်ဖွယ် ဆူးငြောင့် ခလုတ်များ ၊ အဖျက်အမှောင့်များပါပဲ၊ ဒါကြောင့် သတိထားဖို့ အရေးကြီးလှပါတယ်။ ။

မှတ်ချက်။
ဒကာလေးတစ်ဦးနှင့်ပြောဖြစ်တဲ့အကြောင်းအရာအနည်းငယ်မျှကိုသာ ပြန်လည်ရေးသားခြင်းပါ၊ နောင်မှာ အချိန်ရလို့ အလျဉ်းသင့်မယ်ဆိုရင်ဖြင့် ဒီ အကြောင်းအရာနှင့်ပတ်သက်လို့ ပိုပြီး ပြည့်ပြည့်စုံစုံ ရေးဖြစ်ဦးမှာပါ။ ။

မေတ္တာဖြင့်
အရှင်ဉာဏိက